mgyoe.com

စိတ်ကူးချိုချိုအနုပညာ

# စီအီးအို လက်စွဲ

ခင်မောင်ညို (ဘောဂဗေဒ)





mgyoe.com
mgyoe.com

mgyoe.com

[illegible]

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၁၀၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၄၈၀၇၀၈ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို က.န.ဝ ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် တန်ဖိုး ၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - [illegible]

၁၇၃

ခင်မောင်ညို(ဘောဂဗေဒ)

စီအီးအိုလက်စွဲ/ ခင်မောင်ညို(ဘောဂဗေဒ)။ - ရန်ကုန်။


စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၄၆ မျက်နှာ၊ ၁၀ •၅ စင်တီ× ၁၆•၅ စင်တီ

(၁) စီအီးအိုလက်စွဲ

mgyoe.com

mgyoe.com



၁။ အောင်မြင်မှုပန်းတိုင်ကို သွားတဲ့လမ်းက
အမြဲတမ်း ပြင်ဆင်ထိန်းသိမ်းနေတယ်။

John W.Patten

၂။ ဘာမျှမမေးတဲ့သူဟာ အကုန်သိနေလို့၊ ဒါမှမဟုတ်
ဘာမှမသိလို့ ဖြစ်မယ်။

Malcolm Forbes Sr.

mgyoe.com

mgyoe.com



၃။ ကျွန်တော့်အတွက်ကတော့ သိပ်လွယ်ပါတယ်။ တစ်ခုခုကိုတွေးပြီဆိုရင် ကြီးကြီးကျယ်ကျယ်လည်း တွေးမှာပါ။

Donald Trump

၄။ ကမ္ဘာပေါ်မှာ ဇွဲကောင်းတာကို အစားထိုးစရာ ဘာမှမရှိ။ လူတစ်ယောက်ရဲ့ အရည်အသွေးဆိုတာ သူတို့ကိုယ်သူတို့ ချမှတ်တဲ့ စံချိန်စံညွှန်းတွေကို ကြည့်ရင် သိနိုင်တယ်။

Ray Kroc

၅။ ရာနှုန်းပြည့် ကြိုးစားအားထုတ်သူတွေအတွက် ကမ္ဘာကြီးကအမြဲတမ်းရှိနေတယ်။

Andrew Carnegie

၆။ အောင်မြင်မှုဆိုတာ လမ်းခရီးတစ်ခု ဖြစ်တယ်။ ခရီးဆုံးတစ်ခု မဟုတ်ဘူး။

Joseph Gorman

mgyoe.com

mgyoe.com



၇။ ရောမအောင်မြင်မှုတွေဟာ၊ ရောမ အနှစ်နာခံမှုတွေကနေ ပေါက်ဖွားလာတာဖြစ်ပြီး၊ တစ်ကိုယ်ကောင်းဆန်မှုရဲ့ ရလဒ်မဟုတ်ဘူး။

Napoleon Hill

၈။ မစသေးရင် ဘယ်တော့မှ မရ။
မျှော်လင့်ထားရင် အောင်မြင်မှုရတာ ပိုမြန်တယ်။

Ira Hayes

၉။ ပါရမီဆိုတာ ၁%၊ စိတ်အားထက်သန်မှုနဲ့
၉၉% ချွေးထွက်အောင် ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ထားတာ ဖြစ်တယ်။

Thomas A. Edison



mgyoe.com

mgyoe.com



၁၀။ ဘဝတစ်ခုလုံးမှာ အန္တရာယ်တွေ ပယ်ဖျက်ဖို့ လုပ်နေရတာမဟုတ်။ လျော့ပါးဖို့သာ စီမံခန့်ခွဲနေတာ ဖြစ်တယ်။

Walter Wriston

၁၁။ ဘယ်တော့မှ စိတ်ဓာတ်မကျနဲ့၊ လက်မလျှော့နဲ့။ လက်မလျှော့ရင် ဘယ်တော့မှ ဒုက္ခပေးလို့မရ။

Ted Turner

၁၂။ တစ်ခြားလူတွေ အချိန်ဖြုန်းနေချိန်မှာ လူတော်တော်များများက ရှေ့ရောက်အောင် လုပ်နိုင်ကြတယ်။ ဆုံးရှုံးမှုဆိုတာ ဉာဏ်ပညာရှိရှိနဲ့ နောက်တစ်ကြိမ်ကြိုးစားခွင့်ပြုတာ ဖြစ်တယ်။

Henry Ford

၁၃။ အခုကနေ နောင် ၅ နှစ်အတွင်း ကိုယ်ပေါင်းတဲ့သူ တွေရယ်၊ ကိုယ်ဖတ်တဲ့ စာအုပ်တွေကလွဲရင် ဘာမျှပြောင်းမှာမဟုတ်ဘူး။

Charles "Tremendous" Jones

mgyoe.com

mgyoe.com






၁၄။ မစွန့်စားပဲနဲ့ စီးပွားရေးလုပ်ငန်း လုပ်လို့မရ။

Millard Drexler

၁၅။ ပစ္စည်းမပျက်သေး၊ ဖောက်သည်မကျေနပ်သေးဘူး ဆိုရင် ရောင်းလို့မပြီးသေးဘူး။

Leon Leonwood Bean

၁၆။ အောင်မြင်သူတွေဆိုတာ ရှုံးသွပ်တဲ့–အရှုံးသမား ဟောင်းတွေဖြစ်တယ်။ ရှုံးတာနဲ့ ဇာတ်လမ်း ပြီး မသွားဘူး။လက်လျှော့လိုက်မှ ဇာတ်လမ်းကပြီးသွားတာ။

William V. Crouch

mgyoe.com

mgyoe.com





၁၇။ လူတိုင်းနဲ့ အံဝင်အောင်လိုက်လုပ်နေရင်
နောက်ဆုံးမှာ ကိုယ့်ကိုယ်ကိုတောင် သဘောကျမှာ
မဟုတ်တော့ဘူး။

Charles Schwab

၁၈။ မှားမှာ မကြောက်ပါနဲ့။ ဉာဏ်ပညာဆိုတာ အမှား
တွေကနေ ထွက်လာတာ။

Paul Galvin

mgyoe.com

mgyoe.com



၁၉။ ကိုယ်နဲ့ကိုယ့်ရည်မှန်းချက်တွေကြားမှာ နောက်ဆုံး အဟန့်အတားက လက်လျှော့ အရှုံးပေးချင်တာ ဖြစ်တယ်။

Richard DeVos

၂၀။ ဉာဏ်ပညာရှိတာနဲ့ အောင်မြင်တာမဟုတ်ဘူး။ ဆုံးဖြတ်ချက်မှန်၊ ရွေးချယ်မှုကောင်းမှ ဖြစ်တာ။
– တန်ဖိုးအထားဆုံးအရာတွေကနေ လှုံ့ဆော်မှုတွေ၊ လုပ်ချင်ကိုင်ချင်စိတ်တွေ ဖြစ်လာကြတယ်။

Jim Cathcart

၂၁။ မလုပ်ပဲ မအောင်မြင်နိုင်ဘူး။
Success (အောင်မြင်မှု) က၊ Work(အလုပ်) ရဲ့ ရှေ့ကို ရောက်နေတာ အဘိဓာန်တစ်ခုပဲ ရှိတယ်။

Donald Kendall

၂၂။ အလှဆုံးဆိုင်ဆိုတာ ဖောက်သည်တွေနဲ့ ပြည့်နေတဲ့ ဆိုင်ပေါ့။

William T. Dillard

mgyoe.com

mgyoe.com



၂၃။ ကျွန်တော့်ရဲ့ စီးပွားရေးလုပ်ငန်း အောင်မြင်ရေး
လျှို့ဝှက်ချက်ကတော့ လူတိုင်းထက်
အလုပ်ပိုလုပ်ဖို့ပဲ။

H. Wayne Huizenga

၂၄။ အကြပ်တည်းဆုံးအချိန်ဆိုတာ
အစစအရာရာ အကောင်းဆုံးဖြစ်နေတဲ့ အချိန်ပဲ။

Donald Keough

၂၅။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ဖို့ဆိုတာ
အရေးကြီးတယ်။ တခြားသူတွေကို
ယုံကြည်ဖို့ဆိုတာ အခြေခံကျတယ်။

William A. Schreyer

၂၆။ လုပ်ချင်ကိုင်ချင်စိတ်က
အစွမ်းအစလောက်၊ ပါရမီလောက်ပဲ ရှိတဲ့သူတွေကို
အနိုင်ယူသွားနိုင်တယ်။

Norman R. Augustine

၂၇။ လူတွေကို ခြံခတ်ပေးလိုက်ရင်
သိုးတွေဖြစ်ကုန်မယ်။

Livio DeSimone

mgyoe.com

mgyoe.com




၂၈။ ဖောက်သည်တွေ မျှော်လင့်ထားတာထက် ပိုလုပ်ပေးလိုက်ပါ။ သူတို့လိုချင်တာ ပေးလိုက်ပါ။ နည်းနည်းပိုပေးလိုက်ပါ။

– ကိုယ့်အထက် လူကြီးတစ်ယောက်ပဲရှိတယ်။ သူကတော့ ဖောက်သည်ပဲ။ သူဟာ ကုမ္ပဏီဥက္ကဋ္ဌ အစ အားလုံး အလုပ်ပြုတ်သွားအောင် သူ့ငွေကို ဒီမှာမသုံး တခြားမှာသုံးတဲ့နည်းနဲ့ အလုပ်ဖြုတ်ပစ်နိုင်တယ်။

Sam Walton

၂၉။ ပွင့်လင်းတဲ့ သဘောထားရှိပြီး၊ အသစ်အဆန်းကို စမ်းကြည့်ချင်တဲ့စိတ် ရှိပါ။

Arthur C.Martinez



mgyoe.com

mgyoe.com


၃၀။ ငုတ်တုတ်ထိုင်ပြီးအခွင့်အလမ်းတွေကို
မစောင့်ပါနဲ့။
ထပြီး အခွင့်အလမ်းတွေ ဖြစ်အောင်လုပ်ပါ။

Madam C.J. Walker

၃၁။ တည်ထွင်ဖန်တီးမှုရှိရင် စိန်ခေါ်မှု အတော်များများကို ရင်ဆိုင်နိုင်တယ်။ တည်ထွင်ဖန်တီးမှုမရှိရင် ပြဿနာတွေကို အခွင့်အလမ်းတွေအဖြစ် မပြောင်းလဲနိုင်။

David Fagin

၃၂။ ဆုံးဖြတ်ချက်ချခြင်း၊ ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင် လုပ်ခြင်း၊ ဆုံးဖြတ်ချက်အတိုင်း သေခြင်းကြောင့် အောင်မြင်မှုတွေ ရလာနိုင်တယ်။

– ဆုံးဖြတ်ချက်တွေ မှန်အောင်ကြိုးစားရင်း ဘဝကို မကုန်လွန်ပါစေနဲ့၊ ဆုံးဖြတ်ချက်တွေ ချရင်း၊ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေဖြစ်သွားအောင် ကြိုးစားရင်းနဲ့၊ ကိုယ့်ဘဝကို ရင်းနှီးမြှုပ်နှံပါ။

Charles "Tremendous" Jones

mgyoe.com

mgyoe.com




၃၃။ အမြဲတမ်း အသစ်အဆန်းဖြစ်အောင် ကြိုးစားရင်း အောင်မြင်မှုတွေ ရကြတယ်။

Gary Tooker

၃၄။ အိုလံပစ်ပွဲမှာ အရေးအကြီးဆုံးကိစ္စက နိုင်ဖို့မဟုတ်၊ ပါဝင်ဖို့။ ဘဝရဲ့အခြေခံကိစ္စက၊ အောင်မြင်ဖို့မဟုတ်၊ ကောင်းကောင်းတိုက်ဖို့။


Baron Pierre de Coubertin



mgyoe.com

mgyoe.com





၃၅။ ခေါင်းဆောင်ဆိုတာ လူတွေကိုအကြောင်းပြုလို့ ရလဒ်တွေရအောင်လုပ်ကြတယ်။

Patricia Fripp

၃၆။ အောင်မြင်တယ်ဆိုတာ ကိုယ့်ဆီကို လာတာ မဟုတ်ဘူး။ ကိုယ်က ရောက်အောင်သွားရတာ။ သူ့သဘော သူဆောင်ရမယ်ဆိုရင်၊ ကိုယ့်သဘောလည်း ဆောင်ရမယ်။

Wally Amos

၃၇။ ဖောက်သည်ဆိုတာ အကြီးအကဲပဲ။

David Glass

mgyoe.com

mgyoe.com



၃၈။ ကိုယ့်ထက် အစွမ်းအစရှိတဲ့ သူကို ငှါးရမ်းပါ။

Steven Leebow

၃၉။ သူများတွေ ကြီးပွားအောင်လုပ်ရင်းနဲ့
ကိုယ်လည်း အမြဲတမ်းအောင်မြင်မှုကို ရကြတယ်။

Harvey S. Firestone

၄၀။ အောင်မြင်မှုအားလုံးရဲ့ အခြေခံအုတ်မြစ်ဟာ ရိုးသားမှုပဲ။

- အသိအမှတ်ပြုတာဟာ၊ လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် လုပ်အပေးနိုင်ဆုံး နည်းလမ်းပဲ။
- ချီးမွမ်းသံတွေကြားမှာ ညှပ်သုံးရင် ဝေဖန်တာဟာ ယုံကြည်မှု တိုးပွားစေတယ်။

Mary Kay Ash

၄၁။ သူ့ဘာသာသူ ပျောက်သွားမယ့် ပြဿနာတွေကြောင့် အိပ်ရေးပျက် မခံပါနဲ့။

Richard Jenrette

mgyoe.com

mgyoe.com



၄၂။ အောင်မြင်မှုနဲ့ ဆုံးရှုံးမှုရဲ့ ခြားနားချက်က သည်းခံခြင်းပဲ။

David Sarnoff

၄၃။ တခြားသူတွေကို အမှတ်ယူခွင့်ပြုရင် အများကြီး ခရီးရောက်နိုင်တယ်။

Robert Woodruff

၄၄။ ခေါင်းဆောင်မှုဆိုတာ ပြောရတာမဟုတ်ဘူး။ သဘောထားရတာ၊လုပ်ရတာ။ စီးပွားရေး လောက မှာ စီမံခန့်ခွဲတယ်ဆိုတာ လူတွေကိုပါ။

Harold Geneen

၄၅။ ထုတ်လုပ်မှု စွမ်းအားမြင့်မားအောင် လုပ်မှ အောင်မြင်မှုကို ရမယ်။

William Hewlett

၄၆။ တောင်တွေဆောက်နေရင် ဘုရားသခင် ဖန်ဆင်း ထားပြီးသားတွေနဲ့ ယှဉ်မကြည့်နဲ့။

Ron Toomer

mgyoe.com

mgyoe.com




၄၇။ စားသုံးသူဆိုတာ ကိန်းဂဏန်းတွေပါ။
ဖောက်သည်တွေဆိုတာက လူတွေပါ။

Stanley Marcus

၄၈။ ရှုံးမှာကြောက်လို့ ဘာမျှမလုပ်တာမျိုး
ဘယ်တော့မှ မဖြစ်ပါစေနဲ့။

– ခေါင်းဆောင်မှုဆိုတာ ကိုယ် ဘယ်လိုလူဆိုတာနဲ့ ကိုယ် ဘယ်လိုလုပ်သလဲ ဆိုတဲ့အပေါ် မူတည်တယ်။

Frederick Smith




mgyoe.com